တရားမပုံစံအမှတ်-၉၄

ဤပုံစံကိုအသုံးပြုရန်အတွက် တရားမပုံစံအမှတ်-၉၆ ကိုကြည့်

( ကြော်ငြာကပ်ရန် )

၁။ အချင်းဖြစ်ပစ္စည်းတည်ရှိရာ
၂။ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံး
၃။ မြဝတီဘဏ်လီမိတက်(မြင်းခြံ)
၄။ မြင်းခြံခရိုင်တရားရုံး
၅။ အမှုတွဲလက်ခံ

# ရောင်းချရန်ကြော်ငြာစာ

( တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆ )

## မြင်းခြံခရိုင်တရားရုံးတော်၌

## ၂၀၁၆ခုနှစ်၊ တရားမဇာရီမှုအမှတ်-၇

| | | |
|---|---|---|
| မြဝတီဘဏ်လီမိတက်<br>(ကိုယ်စားဒေါ်ခင်ဖုန်းဆွေ<br>မြင်းခြံဘဏ်ခွဲ) | နှင့် | ၁။ ဦးကျော်ဇံဦး<br>၂။ ဒေါ်အေးအေးဦး<br>၃။ဒေါ်ခိုင်ငြိမ်းဦး(ကွယ်လွန်သူ<br>ဒေါ်လှလှမြင့်၏တရားဝင်ကိုယ်စားလှယ်များ)<br>၄။ ဒေါ်သေင်းနွယ်ဦး<br>၅။ ဦးမြင့်ဝင်း |
| (ဒီကရီအနိုင်ရသူ) | | (တရားရှုံး**များ**) |

မြင်းခြံခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၈/၂၀၁၅ အမှု၌ရရှိခဲ့သောအနိုင် ဒီကရီကို အတည်ပြု ဆောင်ရွက် ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းများကို **၂၀၂၄-ခုနှစ်၊ ဖေဖော်ဝါရီ လ (၅)ရက် (၁၃၈၅-ခုနှစ်၊ ပြာသိုလဆုတ် လဆုပ်(၁၁)ရက်) နံနက်(၁၀း၀၀)နာရီ**တွင် ၎င်းပစ္စည်းများ တည်ရှိရာ အရပ်၌လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့် သော်လည်းကောင်း၊ လေလံဆွဲ ဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

<u>လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ</u>

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရ သမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း၊ တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်ထားသည့်အတိုင်း ရောင်းချမည် ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်သည်။ သို့သော် အမြင့်ဆုံး ပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချခြင်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် (၁၀၀)လျှင် (၂၅)ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက်နေ့ချင်း ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ရရှိသူသည် (၂၅)ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ (၁၅)ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ (၁၅)ရက်မြောက်နေ့သည် ရုံးပိတ်ရက် ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါရက်တွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၃-ခုနှစ်၊ ဒီဇင်ဘာ လ ၂၁ ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေး လိုက်သည်။

( တင့်တင့်ဌေး )
ခရိုင်တရားသူကြီး

<u>**ပစ္စည်းစာရင်း**</u>

မြင်းခြံမြို့၊ အမှတ်(၅)ရပ်ကွက်အတွင်းရှိ အကွက်အမှတ်(၁၂)ကွေ့ကြီးမြောက်၊ဦးပိုင်အမှတ်-၉၊ ဧရိယာ (၀.၀၇၇)ဧကရှိသော ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အဦ။

**လေလံကြမ်းခင်းဈေးကျပ်သိန်း(၁၅၀၀)**
**အရောင်းကြော်ငြာသွင်းရန်နေ့ = ၂.၁.၂၀၂၄**
**ရောင်းချမည့်နေ့ = ၅.၂.၂၀၂၄**
**ဘိလစ်အစီရင်ခံစာတင်ရန်နေ့ = ၇.၂.၂၀၂၄**